

International Labour Organization

100 1919·2019

# မြန်မာ့အထည်ချုပ်လုပ်ငန်းရှိ အမျိုးသမီးများ၏ ဇာတ်လမ်းအကြောင်းအရာများ

## မတင်တင်လှ (မကော်နီ)

ထုတ်လုပ်မှုပိုင်းဆိုင်ရာ မန်နေဂျာ ၊ မေပယ်အထည်ချုပ်စက်ရုံ

အထည်ချုပ် လုပ်ငန်းအတွေ့အကြုံ- ၂၃ နှစ်
ထုတ်လုပ်မှုပိုင်းဆိုင်ရာမန်နေဂျာ အတွေ့အကြုံ- ၅ နှစ်

မတင်တင်လှသည် ၁၉၉၅ ခုနှစ်မှစတင်၍ အထည်ချုပ်လုပ်ငန်းတွင် အခြေချ လုပ်ကိုင်ရန် ကြိုးစားအားထုတ်ခဲ့သည်။ သူမအတွက် ပထမဆုံးသော လုပ်ငန်းအတွေ့အကြုံလည်း ဖြစ်သည်။ ထိုအချိန်တွင် သူမအနေဖြင့် အခြေခံ စက်ချုပ်ခြင်း အတတ်ကိုပင် မတတ်မြောက်ထားပါ။ သို့သော် နှစ်ဆယ့်သုံး နှစ်ကြာပြီးသည့်နောက်တွင် စက်လိုင်း ၅ လိုင်းကို စီမံခန့်ခွဲအုပ်ချုပ်ရသော ထုတ်လုပ်မှုပိုင်းဆိုင်ရာ မန်နေဂျာ ( production manager ) အဖြစ် အဆင့်ဆင့် တက်လှမ်းလာနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် သူမ၏စက်ရုံနှင့် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းရှိ အခြားသော အမျိုးသမီးများမှ လေးစားအားကျ အတုယူရသည့် စံပြအမျိုးသမီး တစ်ဦးအဖြစ်လည်း တွေ့မြင်ရပါသည်။

မတင်တင်လှသည် လုပ်ငန်းကျွမ်းကျင်မှု မရှိသေးသောကြောင့် သူမ၏ ပထမဆုံးသော အထည်ချုပ် လုပ်ငန်းခွင် ဝင်ရောက်ခွင့် အင်တာဗျူးတွင် ငြင်းဆိုခံခဲ့ရသည်။ သို့သော်လည်း သူမ အလျှော့မပေးခဲ့ချေ။ မည်သို့ပင် ငြင်းဆိုခံရသည်ဖြစ်စေ သူမအနေဖြင့် အလုပ်ရမှဖြစ်မည်ဟူသော စိတ်ဖြင့် အင်တာဗျူးဖြေဆိုသည့် အခန်းရှေ့တွင် တစ်နေ့လုံး မတ်တပ်ရပ် စောင့်ဆိုင်းနေခဲ့သည်။ ထိုသို့သော အပြုအမူကို မြင်သွားသော စက်ရုံရှိမန်နေဂျာ အမျိုးသမီး တစ်ယောက်က  မတင်တင်လှ၏ ဇွဲကြီးပုံကို သဘောကျပြီး သူမကို အခွင့်အရေး တစ်ခုပေးရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် သူမသည် မေပယ်အထည်ချုပ်စက်ရုံရှိ မီးပူတိုက်သည့် လုပ်ငန်းတွင် အကူအလုပ်သမား တစ်ယောက်အဖြစ် စတင်လုပ်ကိုင်ခွင့် ရရှိခဲ့သည်။

မတင်တင်လှသည် အကူအလုပ်သမား တစ်ယောက်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေစဉ်တစ်လျှောက်တွင်လည်း သူမ၏အနီးပတ်ဝန်းကျင်ရှိ ကျွမ်းကျင်အလုပ်သမားများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို အမြဲမပြတ် လေ့လာနေခဲ့သည်။ သူမသည် စက်လိုင်းရှိ အချို့သော အလုပ်သမားများ အပေါ့အပါးသွားသည့်အချိန်တွင် ဖြစ်စေ နားနေသည့်အချိန်တွင် ဖြစ်စေ  ထိုသူတို့၏နေရာတွင် ခဏ အစားဝင်ချုပ်ကြည့်ရင်း သူမ၏ စက်ချုပ်ကျွမ်းကျင်မှုကို တိုးတက်အောင် ကြိုးစားလေ့လာခဲ့သည်။ ထိုသို့ ချုပ်ရင်း ချုပ်ရင်းဖြင့် သူမ၏စက်ချုပ်စွမ်းရည်မှာ တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ အကူအလုပ်သမားအဖြစ် သုံးလ ကြာလုပ်ကိုင်ပြီးသည့်နောက်တွင် သူမသည် စက်လိုင်းတွင် အချိန်ပြည့် အလုပ်သမား တစ်ယောက်အဖြစ် လုပ်ကိုင်ခွင့် ရရှိခဲ့သည်။ မတင်တင်လှသည် အဖွဲ့ခေါင်းဆောင်အဖြစ် ရာထူးမတိုးမီ လေးနှစ်တာကာလအတွင်းတွင် သူမ၏စက်ချုပ် ကျွမ်းကျင်မှု အတတ်ပညာများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ခဲ့သည့်အပြင်  စေ့စပ်သေချာသော ၊ အလုပ်ကြိုးစားသော လုပ်သားကောင်းတစ်ယောက်အဖြစ်လည်း အသိအမှတ်ပြုခံခဲ့ရသည်။ အဖွဲ့ခေါင်းဆောင်အဖြစ် သုံးနှစ်ကြာ လုပ်ဆောင်ခဲ့ပြီးနောက် သူမအား ကြီးကြပ်သူ ( supervisor ) အဖြစ် ထပ်မံ၍ ရာထူးတိုးပေးခြင်း ခံခဲ့ရသည်။ ကြီးကြပ်သူအဖြစ် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက်တွင် မတင်တင်လှသည် ယခုလက်ရှိရာထူးဖြစ်သော ထုတ်လုပ်မှုပိုင်းဆိုင်ရာမန်နေဂျာ တစ်ယောက်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

အထည်ချုပ်လုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသော အမျိုးသမီးအများစုကဲ့သို့ပင် မတင်တင်လှသည်လည်း အခြေခံ ပညာရေးမျှသာ ဆည်းပူးခွင့်ရခဲ့ပြီး သူမအတွက် ကောင်းမွန်ပြည့်စုံသော အသက်မွေးဝမ်းကြောင်းလုပ်ငန်း တစ်ခု ရရှိနိုင်မည့် အခွင့်အလမ်းများမှာလည်း နည်းပါးခဲ့သည်။ သို့သော် သူမသည် အထည်ချုပ်စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများကို သူမ၏ဘဝရပ်တည်ရေးနှင့် မိသားစု ထောက်ပံ့ပေးနိုင်ရေးအတွက် ဝင်ငွေ လုံလုံလောက်လောက် ရစေသော အလုပ်တစ်ခု အဖြစ် ရှုမြင်ခဲ့သည်။ သူမ၏မိသားစုကလည်း သူမ၏ အောင်မြင်မှုကို ဂုဏ်ယူမဆုံးရှိကြပါသည်။ သူမသည် စီမံအုပ်ချုပ်မှုဆိုင်ရာ ရာထူးရယူနိုင်သည့် ပထမဆုံးသော မိသားစုဝင်လည်းဖြစ်သည်။ ထို့အပြင် အထည်ချုပ်လုပ်ငန်းကို အဓိကအားဖြင့် အမျိုးသမီးလုပ်သားများ အလုပ်လုပ်သော လုပ်ငန်းခွင်တစ်ခု ဖြစ်သဖြင့် မတင်တင်လှအတွက်လည်း လုံခြုံသော လုပ်ငန်းခွင်တစ်ခု အဖြစ် မြင်ကြပါသည်။

## " ကျွန်တော်တို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာတော့ သူမက အလုပ်အကိုင်ကောင်းကောင်း ရာထူးကောင်းကောင်း ရထားတဲ့ တစ်ဦးတည်းသော သူပါပဲ " -မတင်တင်လှ၏ အစ်ကို

မတင်တင်လှအတွက်မူ ငွေရေးကြေးရေးကို မိမိစိတ်တိုင်းကျလွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှု ( ငွေရေးကြေးရေး အမီအခိုကင်းမှု ) သည် အလွန်အရေးကြီးပါသည်။ ကိုယ်ပိုင်အိမ်တစ်လုံးကို သူမလုပ်အားဖြင့် ဆောက်လုပ်ထားပြီး ထိုအိမ်နှင့် တွဲဆက်ထားသော အိမ်တွင် သူမ အကို၊ ယောင်းမ၊ တူမ ၂ ယောက်၊ တူတစ်ယောက်တို့ နေထိုင်ကြပါသည်။ ထိုအလုပ်ဖြင့်ပင် သူမအမကြီး၏ အိမ်ငှားစရိတ် ၊ ဆေးကုသစရိတ်နှင့် အခြားသော လိုအပ်သည်များကို ထောက်ပံ့ပေးလျှက်ရှိသည်။ သူမသည် သူမနှင့်တစ်အိမ်တည်းနေသည့် ယောင်းမဖြစ်သူနှင့်လည်း ညီအစ်မရင်းကဲ့သို့ ရင်းနှီးချစ်ခင်ကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီထောက်ပံ့ပေးကြသည်။ သူမ အလုပ်တွင် ရှိနေစဉ်တွင်လည်း အစ်ကို၏မိသားစုကပင် အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ပေးကြသည်။ လက်သမားတစ်ဦးဖြစ်သူ သူမ၏အစ်ကိုမှ သူမအား ဖယ်ရီကားဂိတ်သို့ အသွားအပြန် နေ့စဉ် အကြိုအပို့လုပ်ပေးသည်။ သူမ၏ ယောင်းမမှ အလုပ်အတွက် နေ့လည်စာထမင်းဘူး နေ့စဉ် စီစဉ်ပေးသည်။

မတင်တင်လှသည် အိမ်၌ရှိနေစဉ်အချိန်များတွင် သူမ၏ ယောင်းမနှင့်အတူ အစားအစာများ ချက်ပြုတ်ပြင်ဆင်ရသည်ကို နှစ်သက်သဘောကျသည်။ သူမ၏ အစ်ကိုဖြစ်သူမှာလည်း ဟာသဉာဏ်ရွှင်သူတစ်ဦးဖြစ်ကြောင်း ပြောပြထားပါသည်။ တစ်ခါတစ်ရံတွင်မူ သူမ၏ တူ ၊ တူမများနှင့်အတူ ရုပ်ရှင်သွားကြည့်ခြင်း ၊



မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများရှိရာ နေရာများသို့ ဘုရားဖူးထွက်ခြင်း အစရှိသည်တို့ ပြုလုပ်လေ့ရှိကြောင်း သိရသည်။ သူမသည် တစ်နေ့ ၂ ကြိမ်ခန့် ဘုရားဝတ်ပြုသည်။ ထို့ပြင် မနက်တိုင်း သူမ၏အိမ်ရှေ့ရှိ ခိုများကို မြန်မာကျပ်ငွေ၂၀၀၀ ဖိုး ( ကန်ဒေါ်လာ ၁.၃၀ ဖိုး) အစာကျွေးလေ့ရှိသည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ စစ်မှန်သည့် ရက်ရောပေးကမ်း လှူဒါန်းမှုတစ်ခုပင် ဖြစ်ပါသည်။ သူမ၏ ဘာသာတရား သက်ဝင်ယုံကြည်မှုသည် အလုပ်၏ ဖိအားများကြောင့် တခါတရံ ခံစားရတတ်သော စိတ်ဖိစီးမှုများကို လျှော့ချရန် အထောက်အကူပြုသည်။

အထည်ချုပ် လုပ်ငန်းခွင်တွင် အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်ရသော်လည်း မတင်တင်လှသည် သူမ၏ အလုပ်ကို ချစ်မြတ်နိုးသည်မှာ ထင်ရှားပါသည်။ သူမသည် သူမ စီမံအုပ်ချုပ်ရသော အလုပ်သမားများ ၊လုပ်ဖော်ကိုင်ဖက်များ၊ သူမလေးစားအားကျအတုယူရသော စက်ရုံပိုင်ရှင် အန်တီကြွေနှင့် မဂင်နီ တို့ကိုလည်း အလွန် ချစ်ခင်တန်ဖိုးထားကြောင်းသိရပါသည် ။ မတင်တင်လှအနေဖြင့် သူမအုပ်ချုပ်မှုအောက်ရှိ အလုပ်သမားများအား အလုပ်တာဝန်တိုင်းကို ရင်းနှီးဖော်ရွေချိုသာစွာ ပြုလုပ်ခိုင်းလေ့ရှိပါသည်။ သူမသည် အလုပ်သမားများအား အလုပ်ခွင်တွင် ပျော်ရွှင်တက်ကြွစွာ လုပ်ကိုင်နိုင်ရေးကို ဦးစားပေး ကြောင်း သိရသည်။ စက်ရုံရှိ အလုပ်သမားများကလည်း မတင်တင်လှအား လေးစားချစ်ခင်ကြပြီး သူမ၏ နွေးထွေးပျူငှာမှု ၊ ဖော်ရွေမှုတို့ကို အလေးထားကြသည်။ အလုပ်သမားအများစုမှလည်း သူမ၏ ဘဝဖြတ်သန်းမှုကို လေးစားအားကျပြီး တစ်နေ့တွင် သူမကဲ့သို့ ထုတ်လုပ်မှုပိုင်းဆိုင်ရာ မန်နေဂျာ ( production manager ) တစ်ယောက်ဖြစ်လိုကြောင်း ပြောကြားကြသည်။

အမျိုးသမီးများ အထည်ချုပ်လုပ်ငန်းတွင်လုပ်ကိုင်ရန် ရွေးချယ်ခြင်းမှာ အကြောင်းအရင်းများစွာရှိကြောင်းလည်း  အောက်ပါအတိုင်း ရှင်းပြထားပါသည်။ အထည်ချုပ်လုပ်ငန်းသည် အခြားအလုပ်များနှင့်ယှဉ်လျှင် လစာနှုန်းထားပိုများပြီး တခါတရံတွင် ချုပ်လုပ်နိုင်မှုစွမ်းရည်အလိုက် အပိုဆုငွေများလည်း ချီးမြှင့်လေ့ရှိသည်။ထို့ပြင်လုပ်ငန်းခွင်တွင် လုပ်ဖော်ကိုင်ဖက် ပေါင်းများစွာနှင့် ထိတွေ့ဆက်ဆံရခြင်းသည်လည်း အချင်းချင်းခင်မင်ရင်းနှီးမှုကို တိုးပွါးစေပြီး လူမှုရေးလှုပ်ရှားမှု ပွဲများတက်ရောက်နိုင်သည့် အခွင့်အလမ်းများလည်း ရရှိပါသည်။ထိုသို့သော အကြောင်းအရာများက သူမအား လုပ်ငန်းခွင်တွင်မိသားစုဝင်တစ်ယောက်အဖြစ် မိမိကိုယ်ကို သိမှတ်ခံစားရစေပါသည်။ သူမ၏စက်ရုံတွင် အထူးသဖြင့် ပညာမတတ်သူများ (သို့) ပညာအရည်အချင်းနည်းပါးသည့် လုပ်သားများအတွက် လုပ်ငန်းခွင်အသုံးချ အတတ်ပညာကျွမ်းကျင်မှု တိုးတက်ရေး အခွင့်အလမ်းများလည်းရှိကြောင်းသိရသည်။ သူမက အထည်ချုပ်လုပ်ငန်းသည် ရံဖန်ရံခါ အခက်အခဲရှိကြောင်း အထူးသဖြင့် လုပ်သား အသစ်များအနေဖြင့် သူတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် လုံလောက်သော ကျွမ်းကျင်မှုများ မရှိသေးသည့် အချိန်မျိုးတွင်  ခက်ခဲတတ်ကြောင်းကိုလည်း ပြောပြထားပါသည်။

သို့သော်လည်း  အထည်ချုပ်လုပ်ငန်းတွင် အလုပ်ကြိုးစားပြီး ခိုင်မာသော ဆုံးဖြတ်ချက်ရှိပါက သူမကဲ့သို့ ဝင်စတွင် စက်ပင် မချုပ်တတ်သူများအတွက်ပင် ရာထူးတိုးရရန်နှင့် အခြားသော အောင်မြင်မှုများရရန် အခွင့်အလမ်းများစွာ ရှိကြောင်းကိုလည်း အလေးပေးပြောကြားထားပါသည်။

မတင်တင်လှအတွက် စဉ်ဆက်မပြတ် သင်ယူလေ့လာနေခြင်းသည်လည်း အရေးကြီးကြောင်း သိရပါသည်။ သူမအနေဖြင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာ မန်နေဂျာတစ်ယောက်အဖြစ် တာဝန်ယူထားသည့်အချိန်တွင်လည်း သူမ၏အတတ်ပညာများ တိုးတက်စေရန်နှင့် သင်ယူလေ့လာရန်အတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးသည့် အသစ်အသစ်သော စိန်ခေါ်မှုများကို နေ့စဉ်တွေ့ကြုံရပါသည်။ လုပ်ငန်းခွင်တွင် သင်ယူခြင်းများအပြင် သူမသည် ဂျပန်နိုင်ငံတွင် အရည်အသွေးထိန်းချုပ်မှုပိုင်းဆိုင်ရာ သင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှပေးသော ခေါင်းဆောင်မှုပိုင်းဆိုင်ရာ သင်တန်းများကိုလည်း တက်ရောက်ခဲ့ပါသည်။ သူမသည် အနာဂတ်တစ်နေ့တွင် နိုင်ငံခြားသား အဝယ်တော်များနှင့် တိုက်ရိုက်ပြောဆိုဆက်သွယ်လုပ်ဆောင်နိုင်ရန် ၊ လုပ်ငန်းသဘောတူစာချုပ်များနှင့်ပတ်သက်ပြီး ညှိနှိုင်းနိုင်ရန်အလို့ငှာ စက်ရုံမှ စီစဉ်ပေးသော အင်္ဂလိပ်ဘာသာစကား သင်တန်းကိုလည်း မှန်မှန်တက်ရောက်နေပါသည်။ သူမအနေဖြင့် ဘာသာစကား ကျွမ်းကျင်ခြင်းက အင်္ဂလိပ်ဘာသာဖြင့်သာ ပို့ချသော အချို့သောသင်တန်းများတက်ရောက်နိုင်ခွင့်ကို ပိုမို လက်လှမ်းမီနိုင်မည်ဟု မျှော်လင့်ပါသည်။

သူမသည် စက်ရုံရှိ အခြားသော လုပ်ဖော်ကိုင်ဖက်များ ၊ သူမအုပ်ချုပ်ရသော လုပ်သားများ၏ ကျွမ်းကျင်မှုများတိုးတက်စေရန်နှင့် အနာဂတ်တွင် ရာထူးတိုးရရှိရန် အထောက်အကူဖြစ်စေခြင်းငှာ သူမ၏ဗဟုသုတများနှင့် အတွေ့အကြုံများကို ဝေမျှရန်အသင့်ရှိကြောင်းလည်း ကတိပြုပြောကြားထားပါသည်။

**" အသင်းအဖွဲ့တစ်ခုအနေနဲ့ ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက်ဆိုရင်  ကျွန်မတို့အားလုံး တစ်ယောက်ကိုတစ်ယောက် ထောက်ပံ့ကူညီပေးဖို့ လိုအပ်ပါတယ်။ ကျွန်မတို့အားလုံး ကိုယ့်မှာရှိတဲ့ ဗဟုသုတတွေ တတ်ကျွမ်းမှုတွေကို အခြားအလုပ်သမားတွေ အထူးသဖြင့် အလုပ်သမား အသစ်တွေနဲ့ ဝေမျှပေးကြရမှာ ဖြစ်ပါတယ် "**

အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးလုပ်သားအများစု လွှမ်းမိုးသော လုပ်ငန်းခွင် ဖြစ်နေသေးသည့်တိုင် အမျိုးသား လုပ်သားအရေးအတွက်သည်လည်း တဖြည်းဖြည်းများပြားလာသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။ မိဘများကိုယ်တိုင်ကပင် သူတို့၏ သားယောက်ျားလေးများကို



အထည်ချုပ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် အားပေးလာကြသည်။ မတင်တင်လှ အလုပ်လုပ်လျှက်ရှိသော စက်ရုံတွင် ကျား မရေးရာ နှင့် ပတ်သက်သော အယူအဆများလည်း အချိန်ကာလအလျောက် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ထို့ပြင် မတင်တင်လှသည် စက်လိုင်းများတွင် မိန်းမအသွင် ယောကျ်ားများ ( transgender women ) ကို အလုပ်ခန့်ထားနိုင်ခဲ့ပြီး ဖြစ်သည်။ ဤသည်မှာ မြန်မာ့လူမှုအဖွဲ့အစည်းတွင် ကျား မ နှင့် ပတ်သက်သော ခံယူချက်သဘောထားများ ပြောင်းလဲလာခြင်း၏ ရလဒ်ကြောင့်သော်လည်းကောင်း  ကြီးမားသော ကျွမ်းကျင်လုပ်သားလိုအပ်ချက် ကြောင့်သော်လည်းကောင်း ဖြစ်နိုင်ကြောင်း သိရသည်။ လူတစ်ယောက်၏ ကျွမ်းကျင်မှုနှင့် ခံယူချက်သဘောထားသည် ထိုသူ၏လုပ်ငန်းစွမ်းဆောင်ရည် အတွက် အရေးကြီးဆုံးသော အချက်များဖြစ်သည်။ ထိုအချက်သည် သူမအား အလုပ်လုပ်လိုစိတ် ပြင်းထန်သော လုပ်သားများ ရှာဖွေနိုင်ရန် နည်းလမ်းတစ်ခု ဖြစ်သည်ဟု ယုံကြည်ကြောင်း သိရပါသည်။

**" ကျွန်မအနေနဲ့ကတော့ ယောကျ်ား၊ မိန်းမ၊ ဂေး (လိင်တူခြင်းနှစ်သက်သောသူ)၊ ယောကျ်ားလျာ မိန်းမလျာ၊ စတာတွေအပေါ်သတ်မှတ်ရွေးချယ်တာမျိုးမဟုတ် ဘဲ လူတစ်ဦးမှာရှိတဲ့ အရည်အချင်းပေါ်မူတည်ပြီးတော့ သင့်လျော်တဲ့ အလုပ်နေရာကို ခန့်အပ်ပေးချင်ပါတယ် "**

အထည်ချုပ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် စဉ်းစားနေကြသော လူငယ်များကလည်း မတင်တင်လှအား တခါတရံတွင် အကြံဉာဏ်တောင်းတတ်သည်။ သူမက အထည်ချုပ်လုပ်ငန်းတွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ချင်သော ထိုလူငယ်များကို ကြိုးစားသင့်ကြောင်း အားပေးသည်။ သူမက ယနေ့ခေတ်အခါတွင် ကျွမ်းကျင်မှုအတတ်ပညာသစ်များကို သင်ယူရန်နှင့် သင်တန်းများတက်ရောက်ရန် အတွက် ထောက်ပံ့ကူညီမှုများ ပိုမိုများလာကြောင်းကိုလည်း ရှင်းပြပါသည်။ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းက  အတတ်ပညာမရှိသော လူများအတွက် နည်းပညာတတ်ကျွမ်းမှုများ တိုးတက်လာစေရန်၊ ဝင်ငွေကောင်း ရရှိရန် နှင့် မိမိ ဘဝအောင်မြင်တိုးတက်လာစေရန်အတွက် နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။ သူတို့အနေဖြင့် အလုပ်ကြိုးစားလိုစိတ်နှင့် ကျွမ်းကျင်မှုအတတ်ပညာသစ်များ သင်ယူလိုစိတ်သာရှိရန် လိုအပ်ပါသည်။

သူမသည် အမျိုးသမီးငယ်များအတွက် စံပြတစ်ယောက် ဖြစ်ပါသည် ဟူသော အဆိုပြုချက်ကိုမူ  မတင်တင်လှက အောက်ပါအတိုင်းရိုးသားစွာ ပြန်လည်ဖြေကြားထားပါသည်။ " ကျွန်မက စံပြတစ်ယောက်ဖြစ်ဖို့ ကြိုးစားနေတုန်းပါပဲ" ။ သို့သော် သူမ၏ ဇာတ်လမ်းအကြောင်းအရာက လူတိုင်းအတွက် အောင်မြင်နိုင်သည်ဟူသော ဥပမာကောင်းတစ်ခု ဖြစ်သည်ကိုမူ သူမအနေဖြင့် လက်ခံခဲ့သည်။ "ကျွန်မတောင် အောင်မြင်အောင် လုပ်နိုင်ခဲ့တာပဲ တခြားသူတွေလည်းပဲ လုပ်နိုင်ပါတယ ” ။

မတင်တင်လှသည် မေပယ်အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်နေစဉ်တစ်လျောက် အောင်မြင်မှုများ ရထားပြီးဖြစ်သော်လည်း သူမ၌ နောက်ထပ် ရည်ရွယ်ချက်ပန်းတိုင်များစွာ ရှိနေဆဲဖြစ်ပါသည်။ သူမသည် နိုင်ငံခြားအဝယ်တော်နှင့် လုပ်ငန်းသဘောတူစာချုပ် ညှိနှိုင်းဆောင်ရွက်နိုင်သည်အထိ သူမ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို အသုံးချနိုင်သည့် နေ့တစ်နေ့ကို ရောက်ရမည်ဟု မျှော်လင့်ထားသည်။ အခြားသော ရာထူးတိုးရရန်အတွက်လည်း မျှော်လင့်ထားကြောင်း သိရသည်။ မတင်တင်လှသည် စက်ရုံပိုင်ရှင် အန်တီကြွေနှင့်  စက်ရုံ၏ ဒါရိုက်တာ ( executive director ) မဝင်းနီတို့၏ အောင်မြင်မှုများကိုလည်း လေးစားအားကျအတုယူပါသည်။ ထိုသို့သော အောင်မြင်သည့် အမျိုးသမီးများ၏စီမံခန့်ခွဲမှုကြောင့်လည်း သူမလုပ်ကိုင်နေစဉ်အချိန်များအတွင်း စက်ရုံသည် များစွာတိုးတက်လာကြောင်းသိရပါသည်။ အရေးကြီးသည့် အချက်မှာ ထိုအမျိုးသမီးများမှ  သူမအား သူမ၏ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန်အတွက် ရင်းနှီးနွေးထွေးမှုဖြင့်သော်လည်းကောင်း သင်တန်းများ တက်ရောက်စေခြင်းဖြင့်လည်းကောင်း ပံ့ပိုးကူညီအားပေးခဲ့ကြသည်။ သူမသည် သူမ၏အောင်မြင်မှုများအတွက် ပံ့ပိုးပေးကြသော စက်ရုံရှိ သူမ၏ ဦးဆောင်လမ်းပြသူများနှင့် လုပ်ဖော်ကိုင်ဖက်များကို ကျေးဇူးအထူးတင်လျှက်ရှိသည်။ အလုပ်သမား အသစ်များအတွက် သူမ ပေးနိုင်သော အရေးအကြီးဆုံးသော အကြံဉာဏ်မှာ -

**" အလုပ်ပီးရင်း အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ပါ။ အရာရာတိုင်းက ဖြစ်နိုင်ပါတယ် "**

ဤကိုယ်ရေးရာဇဝင် စာတမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ( ILO ) ၏ " မြန်မာ့ အထည်ချုပ်လုပ်ငန်းတွင် စံချိန်စံညွှန်းပြည့်မီကောင်းမွန်သော အလုပ်နှင့် ရေရှည် ဖွံ့ဖြိုးမှုကိုရှေးရှုသော အလုပ်သမားများနှင့် ဆက်ဆံရေးကို တိုးတက်အောင်ပြုလုပ်ခြင်း” ( ILO-GIP) စီမံကိန်းအတွက် Factive Consulting မှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ILO-GIP ၏ရည်ရွယ်ချက်မှာ  အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားများနှင့် ဆက်ဆံရေး၊ လူမှုရေး တွေ့ဆုံဆွေးနွေးမှု၊ နှင့် ကျားမ တန်းတူညီမျှမှု တို့ကို တိုးတက်အောင်ပြုလုပ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့်  ဆင်းရဲမွဲတေမှုကို လျှော့ချရန် ဖြစ်သည်။ ယခုစီမံကိန်းကို  Swedish International Development Cooperation Agency (Sida) နှင့် H&M တို့မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက https://bit.ly/ilo-gip တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

